http://www.uparama.com



# ၂၂-ဒုဒ္ဒုဘဇာတ်

## ဟောတော်မူရာဌာန

နတ်နှင့်တကွသော လောကကို ဆုံးမတော်မူတတ်သော သဗ္ဗညုမြတ်စွာဘုရားသည် "ဒုဒ္ဒုဘာယတိ ဘဒ္ဒန္တေ" အစရှိသော ဂါထာပုဒ်ဖြင့် တန်ဆာဆင်အပ်သော ဤဒုဒ္ဒုဘဇာတ်ကို ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးနေတော်မူစဉ် သာသနာတော်မှ အပဖြစ်သော တိတ္ထိတို့ကို အကြောင်းပြု၍ဟောတော်မူ၏။

## ပစ္စုပ္ပန်ဝတ္ထု

တိတ္ထိတို့သည် ဇေတဝန်ကျောင်းတော်၏အနီး ထိုထိုသို့သောအရပ်၌ ခင်းအပ်ကုန်သော ဆူးအခင်းတို့၌ အိပ်ကုန်သတတ်၊ "ပဉ္စာတပ" အကျင့်ကို ကျင့်ကုန်သတတ်၊ အထူးထူးအပြားပြားသော မိစ္ဆာအကျင့်ကို ကျင့်ကုန်သတတ်။

## တိတ္ထိတရား လေသံဖမ်းအကျင့်

ထိုအခါ များစွာကုန်သော ရဟန်းတို့သည် သာဝတ္ထိပြည်၌ ဆွမ်းခံ၍ ဇေတဝန်ကျောင်းတော်သို့ လာကုန်လတ်သော် ခရီးအကြား၌ မိစ္ဆာအကျင့်ကို ကျင့်ကုန်သော တိတ္ထိတို့ကို မြင်သွား၍ မြတ်စွာဘုရားသို့ ဆည်းကပ်၍ "ဘုန်းတော်ကြီးသော အရှင်ဘုရား...သာသနာတော်မှ အပဖြစ်ကုန်သော တိတ္ထိတို့သည် ကျင့်အပ်သော အကျင့်၌ အနှစ်သာရရှိသလော"ဟု မေးလျှောက်ကုန်၏။ သဗ္ဗညုမြတ်စွာဘုရားသည်"ရဟန်းတို့ ထိုတိတ္ထိတို့သည် ကျင့်အပ်သော အကျင့်၌ အနှစ်သာရသည်လည်းကောင်း, အကျိုးထူးသည် လည်းကောင်းမရှိ၊ ထိုတိတ္ထိတို့၏အကျင့်သည် ဆင်ခြင်လတ်သည်ရှိသော် မစင်တို့ဖြင့် လိမ်းကပ်သော လမ်းခရီးနှင့်တူ၏၊ ယုန်ငယ်၏ ဒုဒ္ဒုဘအသံနှင့်တူ၏"ဟု မိန့်တော်မူ၍ "ဘုန်းတော်ကြီးသော အရှင်ဘုရား... ယုန်ငယ်၏ ဒုဒ္ဒုဘအသံနှင့် တူသည်၏အဖြစ်ကို အကျွန်ုပ်တို့သည် မသိပါကုန်၊ ဟောတော်မူပါကုန်လော့"ဟု ထိုရဟန်းတို့သည် တောင်းပန်အပ်သည်ဖြစ်၍ အတိတ်ကို ဆောင်တော်မူ၏။

## အတိတ်ဝတ္ထု

လွန်လေပြီးသောအခါ ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မင်းသည် မင်းပြုသည်ရှိသော် ဘုရားလောင်းသည် ခြင်္သေ့မျိုး၌ဖြစ်၍ အရှယ်သို့ရောက်လတ်သော် တော၌

http://www.uparama.com



နေ၏။ ထိုအခါ အနောက်သမုဒ္ဒရာနား၌ ဥသျှစ်ပင်နှင့်ရောသော ထန်းတောသည် ရှိ၏၊ထိုတန်းတော၌ တစ်ကောင်သော ယုန်ငယ်သည် ဥသျှစ်ပင်၏အနီး တစ်ခုသော ထန်းပင်ငယ်၏ ထန်းရွက်အောက်၌ နေ၏။ ထိုယုန်ငယ်သည် တစ်နေ့ပတ်လုံး အစာကိုယူ၍ လာလတ်၍ ထန်းရွက်အောက်၌ ဝပ်လျက် "ဤမြေသည် ပြိုပြားအံ့၊ အဘယ်သို့လျှင် သွားရပါအံ့နည်း"ဟု ကြံ၏။

## မြေပြိုသည်ထင်သော ယုန်ငယ်

ထိုအခါ တစ်ခုသော ဥသျှစ်သီးမှည့်သည် ထန်းရွက်၏အထက်၌ ကျ၏။ ထိုယုန်ငယ်သည် ထိုဥသျှစ်သီး၏ အသံဖြင့် "မချွတ်လျှင် မြေကြီးသည်ပြို၏"ဟု ခုန်၍ နောက်သို့မကြည့်မူ၍သာလျှင် ပြေး၏။

## ယုန်တို့ပြေးကြရပုံ

သေဘေးမှကြောက်၍ လျင်မြန်စွာပြေးသော ထိုယုန်ငယ်ကို တစ်ပါးသော ယုန်ငယ်သည် မြင်၍ "အရှင် အဘယ့်ကြောင့် အလွန်လျှင် ကြောက်၍ပြေးသနည်း" ဟု မေး၏။ "အရှင် မမေးလင့်"ဟု ဆို၏။ ထိုယုန်ငယ်သည် "အရှင် အဘယ်နည်း၊ အရှင် အဘယ်နည်း"ဟု မေးလတ်သော် ပြေးသောယုန်သည် ပြန်၍မကြည့်ဘဲ လျက်လျှင် "ဤအရပ်၌ မြေပြို၏"ဟု ဆို၏၊ ထိုမေးသော ယုန်ငယ်သည်လည်း ထိုယုန်ငယ်၏ နောက်မှပြေး၏။ ဤအတူ ထိုယုန်ကို တစ်ပါးသော ယုန်သည်မြင်၏၊ ထိုယုန်ကိုလည်း တစ်ပါးသော ယုန်သည်မြင်၏။ ဤသို့သော နည်းအားဖြင့် ယုန်ငယ်တစ်ထောင်သည် တစ်ပေါင်းတည်းဖြစ်၍ ပြေး၏။

## တောသတ္တဝါတို့ပြေးကြရပုံ

ထိုယုန်တို့ကို တစ်ကောင်သော သမင်သည်မြင်၍ တစ်ပေါင်းတည်းဖြစ်၍ ပြေး၏။ တစ်ကောင်သော ဝက်သည် မြင်၍ တစ်ကောင်သော စိုင်သည်မြင်၍ တစ်ကောင်သော ကျွဲသည်မြင်၍ တစ်ကောင်သော နွားနောက်သည်မြင်၍ တစ်ကောင်သောကြံ့သည် မြင်၍ တစ်ကောင်သောကျားသည် မြင်၍ တစ်ကောင်သော ခြသေ့်သည်မြင်၍ တစ်စီးသော ဆင်သည်မြင်၍ "အဘယ်နည်း"ဟု မေး၍ "ဤ အရပ်၌ မြေပြို၏"ဟု ဆိုလတ်သော် ပြေး၏။ ဤသို့အစဉ်သဖြင့် ယူဇနာအတိုင်း အရှည်ရှိသော တိရစ္ဆာန်အပေါင်းသည် ဖြစ်ကုန်၏။

http://www.uparama.com



## ခြင်္သေ့မင်း၏ကယ်မပုံ

ထိုအခါ ဘုရားလောင်းသည် ပြေးသောတိရစ္ဆာန်အပေါင်းကိုမြင်၍ "ဘယ်အမှုတုံနည်း" ဟု မေး၍ "ဤအရပ်၌ မြေပြိုသည်"ဟုကြား၍ "မြေပြိုခြင်းမည်သည်ကား တစ်ရံတစ်ဆစ်မျှ မဖြစ်စဖူး၊ စင်စစ်သဖြင့် ထိုသတ္တဝါတို့သည် တစ်စုံတစ်ခုသော အသံကို မကောင်းသဖြင့် ကြားသည်ဖြစ်လတ္တံ့၊ ငါသည် လုံ့လမပြုသော် ခပ်သိမ်းသော သတ္တဝါတို့သည် ပျက်စီးကုန်လတ္တံ့၊ ထိုသတ္တဝါတို့အား အသက်ကိုပေးအံ့"ဟု ကြံ၏၊ ကြံပြီး၍ ခြင်္သေ့၏အဟုန်ဖြင့် ရှေ့မှ တောင်ခြေရင်းသို့သွား၍ သုံးကြိမ် ခြင်္သေ့သံကို ဟောက်၏။ ထိုသတ္တဝါတို့သည် ခြင်္သေ့ဘေးမှ ကြောက်ကုန်ရကား ပြန်၍ပေါင်း၍ တည်ကုန်၏။ ခြင်္သေ့သည် သတ္တဝါတို့၏အတွင်းသို့ဝင်၍ "အဘယ်အကျိုးငှာ ပြေးကြကုန်သနည်း"ဟု မေး၏။ "မြေပြိုသတည်း"ဟု ဆိုကြကုန်သော် "အဘယ်သူသည် မြေပြိုသည်ကို မြင်သနည်း"ဟု မေး၍ "ဆင်တို့သည် သိကုန်၏"ဟု ဆိုသည်ရှိသော် ဆင်တို့ကိုမေး၏။ ဆင်တို့က "ငါတို့မသိကုန်၊ ခြင်္သေ့တို့သည် သိကုန်၏"ဟု ဆိုကုန်၏။ ခြင်္သေ့တို့ကလည်း "ငါတို့သည် မသိကုန်၊ ကျားတို့သည် သိကုန်၏"ဟု ဆိုကုန်၏။ ကျားတို့ကလည်း "ကြံ့တို့သည် သိကုန်၏"ဟု ဆိုကုန်၏။ ကြံ့တို့ကလည်း "နွားနောက်တို့သည် သိကုန်၏"ဟု ဆိုကုန်၏။ နွားနောက်တို့ကလည်း "ကျွဲတို့သည် သိကုန်၏"ဟု ဆိုကုန်၏။ ကျွဲတို့ကလည်း "စိုင်တို့သည် သိကုန်၏"ဟု ဆိုကုန်၏။ စိုင်တို့ကလည်း "ဝက်တို့သည် သိကုန်၏"ဟု ဆိုကုန်၏။ ဝက်တို့ကလည်း "သမင်တို့သည် သိကုန်၏"ဟု ဆိုကုန်၏။ သမင်တို့ကလည်း ငါတို့သည် မသိကုန်၊ "ယုန်ငယ်တို့သည် သိကုန်၏"ဟု ဆိုကုန်၏။

ယုန်ငယ်တို့ကို မေးအပ်ကုန်သည်ရှိသော် "ဤယုန်ငယ်သည် ပြောဆို၏"ဟု ထိုယုန်ငယ်ကို ပြကြကုန်၏။ ထိုအခါ ထိုယုန်ကို "အချင်း မြေပြိုသတတ်ဟူသည် မှန်သလော"ဟု မေး၏။ "အရှင် မှန်၏၊ အကျွန်ုပ် မြင်အပ်၏"ဟု ဆို၏။ "အဘယ်အရပ်၌ နေလျက် မြင်သနည်း"ဟု မေး၏။ "အရှင် အနောက်သမုဒ္ဒရာ အနီးဥသျှစ်ပင်နှင့် ရောသော ထန်းတော၌ နေလျက် မြင်၏။ အကျွန်ုပ်သည် ထိုတော၌ ဥသျှစ်ပင်ရင်း ထန်းပင်ငယ်၏အောက်၌ အိပ်လျက် "မြေပြိုသော် ငါ အဘယ်သို့ ပြေးရပါအံ့နည်း"ဟု ကြံ၏။ ထိုခဏ၌ မြေပြိုသံကြား၍ ပြေး၏ဟု ဆို၏။

http://www.uparama.com



ခြင်္သေ့သည် "စင်စစ်သဖြင့် ထန်းရွက်၏အထက်၌ ဥသျှစ်သီးမှည့်ကျ၍ "ဒုဒ်ဒုဒ်" ဟူသော အသံကိုပြု၏၊ ထိုယုန်ငယ်သည် ထိုအသံကိုကြား၍ မြေပြိုသည် ဟူသောအမှတ်ကို ဖြစ်စေ၍ ပြေးသည်ဖြစ်လတ္တံ့။ အဟုတ်အမှန်အားဖြင့် ထိုအကြောင်းကို သိအောင်ပြုအံ့ဟု ကြံ၏။ ကြံပြီး၍ ခြင်္သေ့သည် ထိုယုန်ငယ်ကိုခေါ်၍ သားအပေါင်းကို နှစ်သိမ့်စေ၍"ဤယုန်ငယ် မြင်ရာ အရပ်၌ မြေပြိုသည်၏အဖြစ် မပြိုသည်၏အဖြစ်ကို အဟုတ်အမှန်အားဖြင့် ငါသိအောင်ပြု၍ လာသည့်တိုင်အောင် သင်တို့သည် ဤ၌နေကြကုန်ဦး"ဟု ဆို၍ ဤယုန်ငယ်ကို ကျောက်ကုန်း၌ တင်၍ ခြင်္သေ့၏အဟုန်ဖြင့်ပြေး၍ ထန်းတော၌ ယုန်ငယ်ကိုချ၍ "အချင်းလာလော့၊ သင်မြင်သောအရပ်ကို ပြလော့"ဟု ဆို၏။ "သခင်...အကျွန်ုပ်မပြဝံ့"ဟု ဆို၏။

## ပထမဆုံး ယုန်ငယ်၏အပြော

"အချင်း...မကြောက်လင့်"ဟု ဆိုလတ်သော် ထိုယုန်ငယ်သည် ဥသျှစ်ပင်သို့ ချဉ်းကပ်အံ့သောငှာ မဝံ့ရကား မနီးမဝေး၌ရပ်၍ "အရှင် ဤအရပ်သည်ကား ဒုဒ်ဒုဒ်မြည်ရာ အရပ်တည်း"ဟု ဆို၍-

၈၅။ ဒုဒ္ဒုဘာယတိ ဘဒ္ဒန္တေ၊ ယသ္မိံ ဒေသေ ဝသာမဟံ။
အဟမ္ပေတံ န ဇာနာမိ၊ ကိမေတံ ဒုဒ္ဒုဘာယတိ...

ဟူသော ရှေးဦးစွာသော ဤဂါထာကို ဆို၏။ (ဇာ-၌။ ၃။ ၇၁။)

သာမိ-အရှင်၊ တေ-သင့်အား၊ ဘဒ္ဒံ-ကောင်းခြင်းသည်၊ အတ္ထု-ဖြစ်စေသတည်း၊ ယသ္မိံ ဒေသေ-အကြင်အရပ်၌၊ အဟံ-ငါသည်၊ ဝသာမိ-နေ၏၊ တတ္ထ-ထိုအရပ်၌၊ ဒုဒ္ဒုဘာယတိ-ဒုဒ်ဒုဒ်မြည်၏၊ ကိံ-အဘယ့်ကြောင့်၊ ဧတံ-ဧတသ္မိံ ပဒေသေ-ထိုအရပ်၌။ ဒုဒ္ဒုဘာယတိ-ဒုဒ်ဒုဒ်မြည်၏ဟူ၍၊ ဧတံ-ထိုအကြောင်းကို၊ အဟံ-ငါသည်၊ န ဇာနာမိ-မသိ။

## ခြင်္သေ့မင်း၏ ဉာဏ်ပညာ

ဤသို့ဆိုလတ်သော် ခြင်္သေ့သည် ဥသျှစ်ပင်ရင်းသို့သွား၍ ထန်းပင်အောက်၌ ယုန်ငယ်၏ အိပ်ရာအရပ်ကိုလည်းကောင်း, ထန်းရွက်ထက်၌ကျသော ဥသျှစ်သီးမှည့်ကိုလည်းကောင်း မြင်၍ မြေမပြိုသည်၏ အဖြစ်ကို အမှန်အားဖြင့် သိ၍ ယုန်ငယ်ကို ကျောက်ကုန်း၌တင်၍ ခြင်္သေ့၏ အဟုန်ဖြင့် လျင်မြန်စွာ သားအပေါင်းတို့၏ အထံသို့သွား၍ အလုံးစုံသော အကြောင်းကို ပြောကြား၍ "သင်တို့သည်

http://www.uparama.com



မကြောက်ကြကုန်လင့်”ဟု သားအပေါင်းတို့ကို နှစ်သိမ့်စေ၍ လွှတ်လိုက်၏။ ထိုအခါ ဘုရားလောင်း မရှိကြားအံ့၊ ခပ်သိမ်းသော သားတို့သည် သမုဒ္ဒရာသို့ဝင်၍ ပျက်စီးကုန်ရာ၏။ ဘုရားလောင်းကိုမှီ၍ ခပ်သိမ်းသော သားတို့သည် အသက်ကို ရကုန်၏။

## ဘုရားရှင် ရှင်းပြချက်

သဗ္ဗညုမြတ်စွာဘုရားသည် အတိတ်ကိုဆောင်တော်မူ၍ ဘုရားဖြစ်ပြီး၍–

၈၆။ ဗေလုဝံ ပတိတံ သုတွာ၊ ဒုဒ္ဒုဘန္တိ သသော ဇဝိ။
သသဿ ဝစနံ သုတွာ၊ သန္တတ္တာ မိဂဝါဟိနီ။

၈၇။ အပ္ပတွာ ပဒဝိညာဏံ၊ ပရဃောသာနုသာရိနော။
ပနာဒပရမာ ဗာလာ၊ တေ ဟောန္တိ ပရပတ္တိယာ။

၈၈။ ယေ စ သီလေန သမ္ပန္နာ၊ ပညာယူ’ပသမေ ရတာ။
အာရကာ ဝိရတာ ဓီရာ၊ န ဟောန္တိ ပရပတ္တိယာ–

ဟူကုန်သော ဤသုံးဂါထာတို့ကို ဟောတော်မူ၏။ (ဇာ–၄။ ၃။ ၇၁။)

သသော–ယုန်သည်၊ ဒုဒ္ဒုဘန္တိ–ဒုဒ်ဒုဒ်ဟူသော အသံကိုဖြစ်စေလျက်၊ ပတိတံ–ကျသော၊ ဗေလုဝံ–ဥသျှစ်သီးမှည့်အသံကို၊ သုတွာ–ကြား၍၊ ဇဝိ–ပြေး၏၊ မိဂဝါဟိ–သားအပေါင်းသည်၊ သသဿ–ယုန်ငယ်၏၊ ဝစနံ–စကားကို၊ သုတွာ–ကြား၍၊ သန္တတ္တာ–ထိတ်လန့်သည်ဖြစ်၍၊ ဇဝိ–ပြေး၏။

ယေ ဗာလာ–ကြင်သူမိုက်တို့သည်၊ ပဒဝိညာဏံ–သောတဝိညာဉ်အစုသို့၊ အပ္ပတွာ–မရောက်မူ၍၊ ပရဃောသာနုသာရိနော–သူတစ်ပါးတို့၏စကားကို အစဉ်မှီးကုန်၏။ ပနာဒပရမာ–သူတစ်ပါးတို့၏စကားကို အမြတ်ဟူ၍ ထင်မှတ်ကုန်၏၊ တေဗာလာ–ထိုသူမိုက်တို့သည်၊ ပရပတ္တိယာ–သူတစ်ပါး၏စကားကို ယုံကြည်ကုန်သည်။ ဟောန္တိ–ဖြစ်ကုန်၏။

ယေ ဓီရာ–အကြင်ပညာရှိတို့သည်၊ သီလေန စ–အရိယမဂ်သီလနှင့်လည်း၊ သမ္ပန္နာ–ပြည့်စုံကုန်၏၊ ပညာယစ–အရိယာမဂ်ပညာနှင့်လည်း၊ သမ္ပန္နာ–ပြည့်စုံကုန်၏၊ ဥပသမေ–ကိလေသာ၏ ငြိမ်းခြင်း၌၊ ရတာ–မွေ့လျော်ကုန်၏၊ အာရကာ–မကောင်းမှုကို ပြုခြင်းမှ ဝေးကုန်၏။ ဝိရတာ–မကောင်းမှုမှ ကြဉ်ကုန်၏၊ တေ ဓီရာ–ထိုပညာရှိတို့သည်၊ ပရပတ္တိယာ–သူတစ်ပါးစကားကို ယုံကြည်ကုန်သည်၊ န ဟောန္တိ– မဖြစ်ကုန်။

http://www.uparama.com



## ဇာတ်ပေါင်း

သဗ္ဗညု မြတ်စွာဘုရားသည် ဤမေ့ဒေသနာကို ဆောင်တော်မူ၍ "ယခုအခါ ငါဘုရားသည်သာလျှင် ထိုအခါ ခြသေ့ဖြစ်ဖူးပြီ"ဟု ဇာတ်ကို ပေါင်းတော်မူ၏။

**ယုံသင့်မှယုံ၊ အလုံးစုံ၊ ချင့်ကုန်ဉာဏ်စေစား။**

နှစ်ခုတို့၏ ပြည့်ကြောင်းဖြစ်သော ဒုဒ္ဒုဘဇာတ်သည် ပြီး၏။